ကာကွယ်ရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

စစ်ရေးသတင်း

အကျဉ်းချုပ်

9.4.2023

ကာကွယ်ရေးဝန်ကြီးဌာန
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

နေ့စဉ်စစ်ရေးသတင်း အကျဉ်းချုပ်

ရန်သူတပ်သားသေဆုံး	ရန်သူတပ်သားဒဏ်ရာရ
(၂၅) ဦး	(၅) ဦး

အာဏာသိမ်းအကြမ်းဖက်စစ်တပ်နှင့်တိုက်ပွဲဖြစ်ပွားမှု

မန္တလေးတိုင်း

- ဧပြီလ(၈)ရက်နေ့ည(၈)နာရီခန့်တွင် မြင်းခြံမြို့နယ်၊ ယုန်ထိုးတောင်အနီးတွင် ရန်သူ့အင်အား(၃၀)ခန့်ကို Natogyi People Defence Force - NPDF ပြည်သူ့ကာကွယ်ရေးတပ်မတော်(မြင်းခြံခရိုင်) အမှတ်(၄)တပ်ရင်း၊ မြင်းခြံခရိုင်အမှတ်(၁)တပ်ရင်း၊ မန္တလေး PDF - MDY၊ နဂါးနီပြောက်ကျားတပ်ဖွဲ့(မြင်းခြံ)၊ ရွှေခြံသားပြောက်ကျားတပ်ဖွဲ့၊ ဗိုလ်စားပြောက်ကျားတပ်ဖွဲ့တို့က ပူးပေါင်း၍ တိုက်ခိုက်ခဲ့ရာ ရန်သူ့တပ်များနှင့်အပြန်အလှန် တစ်နာရီကျော်ကြာ တိုက်ပွဲဖြစ်ပွားခဲ့ပြီးနောက် ရန်သူများဘက်က စစ်ကူလာသော ယာဉ်တန်းကို မိုင်းဆွဲ၍ တိုက်ခိုက်ခဲ့ရာ ထပ်မံ၍ (၅)မိနစ်ခန့် တိုက်ပွဲဖြစ်ပွားခဲ့ပြီး တိုက်ပွဲအတွင်း ရန်သူ(၁၄)ဦးနှင့်အထက် သေဆုံးခဲ့ပြီး ပြည်သူ့ကာကွယ်ရေးရဲဘော်(၂)ဦး မြင့်မြတ်စွာ ကျဆုံးခဲ့သည်။ ရန်သူ့တပ်များထံမှ (MA-3)(၁)လက်၊ (၄၀ မမ)(၁)လက်တို့ကို သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ကာကွယ်ရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

- ဧပြီလ(၇)ရက်နေ့မနက်(၇)နာရီကျော်ခန့်တွင် မိုးကုတ်မြို့နယ်၊ မိုးကုတ် - ကျောက်မဲ - မေမြို့လမ်းပေါ်ရှိ လယ်ကြီးရွာက တပ်မ(၈၈)လက်အောက်ခံ ရန်သူ့တပ်များစခန်းနှင့် ရဲဂိတ်ကို ကချင်လွတ်လပ်ရေးတပ်မတော်(K.I.A)၊ ကချင်ဒေသပြည်သူ့ကာကွယ်ရေးတပ်(KPDF-Kachin Region)၊ ပြည်သူ့ကာကွယ်ရေးတပ်မတော်(PDF)၊ မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများ ဒီမိုကရက်တစ်တပ်ဦး (A.B.S.D.F)(ရှမ်း မြောက်ဒေသ) စသည့် မဟာမိတ်အဖွဲ့များပူးပေါင်း၍ တိုက်ခိုက်ခဲ့ရာ ရန်သူ့တပ်သား(၇)ဦးသေဆုံးခဲ့ပြီး ဒဏ်ရာရရှိသူများလည်း များပြားခဲ့သည်။ လယ်ကြီးရွာဘုန်းကြီးကျောင်းထဲရှိ ရန်သူ့တပ်၏ လက်နက်ခဲယမ်း များလည်း သိမ်းဆည်းရမိခဲ့သည်။ မနက်(၁၁)နာရီကျော်ချိန်တွင် မိုးကုတ် - မိုင်းလုံလမ်းအတိုင်း လယ်ကြီးရွာဘက်သို့ စစ်ကူလာသော ရန်သူ့ကားတန်းကို အဆိုပါမဟာမိတ်အဖွဲ့များက ထပ်မံ၍ အောက်ညောင်ကုန်းရွာ အနီးတွင် မိုင်းဆွဲတိုက်ခိုက်ခဲ့ရာ ရန်သူ (၄)ဦး သေဆုံးခဲ့ပြီး (၅)ဦး ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

အာဏာသိမ်းအကြမ်းဖက်စစ်တပ်ကျူးလွန်သော ရာဇဝတ်မှုများ

<u>ရှမ်းပြည်နယ်</u>

ဧပြီလ(၉)ရက်နေ့တွင် ရွာငံမြို့နယ်၊ ရွာငံမြို့ ရွာမရပ်ကွက် ပါရမီဖုန်းဆိုင်မှ ကိုစောဝင်းခိုင်နှင့် ဒေါ်ချို၊ ကိုလော်စပီနှင့် ၄င်း၏ ယောက္ခမ ဒေါ်ချို၊ ကိုလှအောင်၊ ကိုတေဇာ၊ ကိုလှမျိုးထွန်းနှင့်ရှင်းသန့်မွန်စတိုးမှ ရောက်ရှိနေသော တောင်ကြီးမှ ဧည့်သည်သားအဖ (၂)ဦး စုစုပေါင်း ပြည်သူ (၉)ဦးကို ရန်သူ့တပ်က လာရောက်ဖမ်းဆီးခဲ့ပြီး နေအိမ်အတွင်းရှိ ရွှေ၊ ငွေ၊ အဖိုးတန်ပစ္စည်းများ၊ ဆန်၊ ဆီများကို အဓမ္မ ရှာဖွေယူဆောင်သွားခဲ့သည်။